၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်

# လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူမှမလျော်ကန်သောရောင်းဝယ်မှုများပြုလုပ်ခြင်းအတွက်

## ကြီးကြပ်စစ်ဆေးရန်အချက်များ

- ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေ ၆၈(ဎ) အရ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူသည် ဥပဒေ အခန်း ၉ ပါ တားမြစ်သည့်ပြုလုပ်မှုများကို ကျူးလွန်သည် (သို့မဟုတ်)ကျူးလွန်နိုင်သည်ကိုသိရှိလျှင် အဆိုပါလုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူထံမှ ငွေချေးသက်သေခံလက်မှတ်များအရောင်းအဝယ် ပြုလုပ်မည့်အမှာစာများကို လက်မခံခြင်း၊
- ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ ၇၁(က) အရ မမျှတသောအရောင်းအဝယ်ဆောင်ရွက်မှုကို ကာကွယ်တားဆီးရန်လိုအပ်သောအကောင်အထည်ဖော် ဆောင်ရွက်မှုနည်းလမ်းများသတ်မှတ်ခြင်း

## ကြီးကြပ်စစ်ဆေးရန် ပထမအချက် – အထွေထွေ

- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည်အရောင်းအဝယ်ဆောင်ရွက်မှုများကိုစီစစ်ရန်ဌာနတွင်းစည်းမျဉ်းစည်းကမ်းများချမှတ်ရမည်။ အဆိုပါစည်းမျဉ်းစည်းကမ်းများတွင် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်နှင့် အောက်ဖော်ပြပါကိစ္စရပ်များပါဝင်ရမည်ဖြစ်ပြီး သက်ဆိုင်ရာအရာရှိများအနေဖြင့် မှန်ကန်စွာသိရှိနားလည်ထားရမည်ဖြစ်သည်။
- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည်အရောင်းအဝယ်ဆောင်ရွက်မှုများကိုစိစစ်ရန် တာဝန်ခံဌာနခွဲတစ်ခုသတ်မှတ်ပေးရမည်ဖြစ်ပြီး ယင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ဌာနခွဲ၏လုပ်ပိုင်ခွင့်နှင့် တာဝန်ကိုသတ်မှတ်ပေးရမည်ဖြစ်သည်။

## ကြီးကြပ်စစ်ဆေးရန်ဒုတိယအချက် – လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ပင်ကိုယ်စိတ်နေသဘောထားကို မှန်ကန်စွာသိရှိနားလည်ခြင်း

- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည်လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ရောင်းဝယ်မှုပုံသဏ္ဌာန်၊ အရောင်းအဝယ်လုပ်ဆောင်မှုနှင့်အတွေ့အကြုံ စသည်တို့သိရှိနိုင်ရန် မကြာခဏဆက်သွယ်ရမည်ဖြစ်ပြီး၊ ထိုသို့ဆက်သွယ်ခြင်းကို ငွေချေးသက်သေခံလက်မှတ်စာရင်း ဖွင့်လှစ်သည့်လုပ်ငန်းစဉ်တွင်မေးခွန်းလွှာများထည့်သွင်းခြင်းဖြင့်လည်းကောင်း၊ အခါအားလျော်စွာ ဆန်းစစ်မှုများပြုလုပ်ခြင်းဖြင့်လည်းကောင်းဆောင်ရွက်နိုင်သည်။

## ကြီးကြပ်စစ်ဆေးရန် တတိယအချက် – အရောင်းအဝယ်ဆောင်ရွက်မှုအားစိစစ်ခြင်း

- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည်အချိန်နှင့်တစ်ပြေးညီ(သို့)အနည်းဆုံးတစ်ပတ်တစ်ကြိမ် အရောင်းအဝယ်ဆောင်ရွက်မှုကိုစိစစ်ရမည်။
- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် အရောင်းအဝယ်ဆောင်ရွက်မှုကို စိစစ်နိုင်ရန် လုပ်ငန်းဆောင်ရွက်သူများရွေးထုတ်ရာတွင် ကိုယ်ပိုင်စံနှုန်းဖော်ထုတ်ရမည်ဖြစ်ပြီး အွန်လိုင်းဖြင့် အရောင်းအဝယ်ဆောင်ရွက်သူများအတွက် မျက်နှာချင်းဆိုင်တွေ့ဆုံရမှုမရှိခြင်းကြောင့် ပို၍သတိပြုရွေးချယ်ရန်လိုအပ်ပါသည်။ ထိုသို့ရွေးချယ်ရာတွင် အောက်ပါအချက်များ ပါဝင်ရမည် ဖြစ်သည်–
  - ၁) အချိန်ကာလတစ်ခုအတွင်း သတ်မှတ်ထားသော အစုရှယ်ယာများကို ပမာဏများပြားစွာ အရောင်းအဝယ်ပြုလုပ်သူ၊
  - ၂) ရွေးချယ်သတ်မှတ်ထားသော အစုရှယ်ယာများကိုတစ်ချိန်တည်းတွင် တူညီသောဈေးနှုန်းဖြင့် အရောင်းရောအဝယ်ပါပြုလုပ်သူ၊ထိုသို့ဆောင်ရွက်ခြင်းဖြင့်ဈေးကွက်တွင်ပါဝင်သည့် အခြားသူများ

အနေဖြင့် အဆိုပါအစုရှယ်ယာများသည် အရောင်းအဝယ် အလွန်သွက်လက်သကဲ့သို့ အထင်အမြင်မှားနိုင်စေရန် လှည့်စားသောအရောင်းအဝယ်ဆောင်ရွက်ခြင်း၊

၃) အစုရှယ်ယာပမာဏအများအပြားအတွက် အရောင်းအဝယ်အမှာစာများကို ပယ်ဖျက်သူ (သို့မဟုတ်) အဝယ်(သို့မဟုတ်) အရောင်းဈေးနှုန်းများကို အနိမ့်ဈေးနှုန်းများသို့ ပြောင်းလဲသူ၊ ( ဈေးအမြင့်ဖြင့်ဝယ်ယူခြင်း(သို့မဟုတ်) ဈေးအနိမ့်ဖြင့်ရောင်းချခြင်း)

၄) အပိတ်ဈေးနှုန်းများတွင်ဈေးနှုန်းတည်မြဲနေစေရန် အရောင်းအဝယ်ပြုလုပ်သူ – အပိတ်ဈေးနှုန်းများကို ရည်ညွှန်းဈေးနှုန်းအဖြစ် အသုံးပြုခြင်းနှင့်အစုရှယ်ယာတန်ဖိုးသတ်မှတ်ခြင်းတို့အတွက် အသုံးပြုခြင်း၊

၅) ဈေးကွက်ပေါက်ဈေးပြိုလဲစေရန်အရောင်းအဝယ်ပြုလုပ်သူ နှင့်

၆) မမှန်တသောအရောင်းအဝယ်ပြုလုပ်နေကြောင်းကော်မရှင်(သို့မဟုတ်) ရန်ကုန်စတော့အိပ်ချိန်းသို့သတင်းပေးတိုင်ကြားခံရသူ၊

- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် မမှန်တသည့်ရောင်းဝယ်ခြင်းအား စိစစ်ရာတွင် အရောင်းအဝယ်ပမာဏ၊ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ စိတ်နေသဘောထား၊ အရောင်းအဝယ်ဆောင်ရွက်မှုပုံသဏ္ဍာန်စသည်တို့အရအချိန်တိုအတွင်းဈေးနှုန်းဆွဲတင်ခြင်း(ဈေးနှုန်းဆွဲချခြင်း)၊ အပိတ်ဈေးနှုန်းတည်နေစေရန်ပါဝင်ရောင်းဝယ်ခြင်း၊ မမှန်ကန်သောနည်းလမ်း သို့မဟုတ် အရောင်းအဝယ်အမှာစာတစ်ပြိုင်တည်းတင်၍ လှည့်စားခြင်း စသည်တို့ ပါဝင်သော စစ်ဆေးမှုများပြုလုပ်ရမည်။

## ကြီးကြပ်စစ်ဆေးရန်စတုတ္ထအချက်– မမှန်တသည့်အရောင်းအဝယ်ဆောင်ရွက်မှုအား အရေးယူဆောင်ရွက်ခြင်း

- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ အရောင်းအဝယ်ဆောင်ရွက်မှုသည်မမှန်တသည့် ရောင်းဝယ်မှုဖြစ်စေနိုင်ကြောင်း **စိစစ်တွေ့ရှိပါက** ယင်းသံသယဖြစ်ဖွယ်ရောင်းဝယ်မှုနှင့်ပတ်သက်၍လုပ်ငန်းနှင့်ဆက်သွယ် ဆောင်ရွက်သူထံ အကြောင်းကြားရမည်။ ထိုသို့အကြောင်းကြားသော်လည်း တိုးတက်မှုမရှိဟုထင်မြင်ပါက ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် အဆိုပါဆက်သွက်ဆောင်ရွက်သူ၏ အရောင်းအဝယ်အမှာစာများကို ယာယီရပ်ဆိုင်းခြင်း ၊ ကန့်သတ်ခြင်းနှင့် ငွေချေးသက်သေခံလက်မှတ်စာရင်း (trading account)အား ပိတ်သိမ်းခြင်းတို့ကိုသင့်လျော်သည့်နည်းလမ်းဖြင့် အရေးယူဆောင်ရွက်ရမည်။

- စိစစ်မှုရလဒ်အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ရောင်းဝယ်မှုသည်မမှန်တသည့်ရောင်းဝယ်မှုဖြစ်ကြောင်းသိရှိလျှင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီအနေဖြင့် အဆိုပါရောင်းဝယ်မှုတွင်ပါဝင်သူများ၏ အမည်စာရင်းအား ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ထံ အစီရင်ခံစာတင်ပြရမည်။